အတွဲ-၄ အမှတ်-၄၁

# ရွှေသွေး ဂျာနယ်

# ဦးမုန်း

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ရန်အောင်

၁၃၃၄ ခု၊ တော်သလင်းလဆုတ် ၁၅ ရက်(၇-၁၀-၇၂)



တနေ့သ၌ ဦးမုန်းဆိုသူသည် တွေးရင်း တွေးရင်း လူများကို မုန်းစိတ်ဝင်လာသဖြင့်....

စနေနေ့တိုင်း ထုတ်ဝေသည်။

Read more Shwe Thway Journals at




🡻 Click below link 🡻


https://www.facebook.com/shwethwayjournal/


မိမိနေအိမ်မှ အမှတ်တမဲ့ ထွက်လာပြီး မြို့နှင့် အတော်ဝေးလာသော်–
ငါ မုန်းတဲ့ လူတွေနဲ့ ဝေးရတော့မယ်
စိတ်အေး ချမ်းသာ ရှိတော့မယ်
မြို့နှင့်ဝေးသည်ထက် ဝေးအောင် မနား မနေ သုတ်သုတ်လျှောက်လာရာ တောထဲသို့–
–ရောက်သွားပြီး အရှေ့ အနောက်ကိုလည်း မသိနိုင်၊ လူတွေနေသောမြို့သည် ဘယ်ဆီတွင် ရှိသည်ကိုပင် မသိရတော့ပဲ တောနက်ကြီး ထဲတွင်–
ကျေးငှက်သံတွေက သာတယ်။ လူတွေက ပေါ်ပ-စကား၊ ဒေါသ စကားချည်း.. မြော ကြတယ်..
ငှက်များမြူး၍ သီဆိုသံများကြားတော့မှ–
ဖျား...
သဘာဝ-ခါတ်မီးကြီး...
ထိပ်လင်းတယ်-ငွေကြေးမကုန်ဘဲ
အလကား-သုံးရတယ်
များမကြာမီ မိုးချုပ်သွားပြီး လမင်းကြီးထိန် လင်းလာပြန်သောအခါ၌–
ဒေါ် ဒေါ် ဒေါ်
ဦးမုန်းသည် အကျေနပ်ကြီး ကျေနပ်ကာ လွယ်အိတ်ထဲပါလာသော အစား အစာများကို စားပြီး သစ်ပင်အောက်၌ ခွေလှဲနေစဉ် အိပ် ပျော်သွား၏။


ဆိတ်ငြိမ်နေသော ညဥ့်သန်ကောင်အချိန်တွင် ကျယ်လောင်သောအသံတခုကြောင့်—
အမယ်.. ကျားဟိန်းသံပဲ
ဝုန်း
ဝုန်း
သူထင်သည့်အတိုင်း မကြာမီ ကျားကြီးတကောင် သစ်ပင်အောက် ရောက်လာ၏။
ကျားရန်က - ရှောင်လို့လွတ်တယ် - - - လူတွေရန်က - ရှောင်လို့မလွတ်ဘူး
တောထဲ၌ စိတ်ချမ်းသာစွာနေ၍ ရက်အနည်းငယ် ကြာသွားသောအခါ—
အလို... သောက် ရေ - ကုန်နေ ပြီကိုး
မြောက်ရှာ ရတာပေါ့လေ
ရေရှာရင်း စမ်းချောင်းတခုသို့ ရောက်သွားရာ—
ရေကို - အချိန်မရွေး - လိုချင်တိုင်း ရတယ်။ ဘယ်လောက် ကောင်းသလဲ -
ရက်အတန်ကြာသောအခါ ပါလာသောစားစရာများကုန်၍ တော သစ်သီးများကို ရှာဖွေစားသောက်ရလေ၏။
လူတွေနဲ့ နေတုန်းက .. ငွေပေးမှ - စားစရာရတယ်၊ အခုများ - အလကား ရတယ်၊ တယ်ဟုတ် ပါလား
ဦးမုန်းသည် တောထဲ၌ တယောက်တည်း နေရခြင်းကို အကျေနပ်ကြီး ကျေနပ်နေလေသည်။


ဝှီး
ဝှီး
ဖြောင်း
ဝှီး
ဝုံး
တနေ့တွင် လေမုန်တိုင်းကြီး တိုက်ခတ်လာရာ တတောလုံး ဆူညံတုန်ဟည်းနေလေ၏။
ဒီလို မိုးတွေ ရွာနေတုန်း
အိပ်ခန်းထဲမှာ - စောင်ထူထူခြုံပြီး
ကွေးနေရယင် - ဇိမ်ဘဲ ---
ထို့နောက် မိုးကြီးရွာချ၍ ဦးမုန်းတကိုယ်လုံး စိုရွှဲလျက် ခိုက်ခိုက်တုန်နေစဉ် စဉ်းစားမိသည်မှာ-
ဓါတ်မီးတွေ ဖွင့်ပြီး
လင်းလင်းထိန်ထိန်
နေရယင်ကောင်း
လေရဲ့
လမိုက်ရက်ဖြစ်၍ လ,ကလည်းမသာ၊မိုးမှောင်ကလည်း ကျနေသဖြင့် တွေးမိပြန်၏။
အင်း....
ဟင်းကောင်းကောင်းနဲ့
ထမင်းလေးများ
မြိန်မြိန်စားလိုက်
ချင်စမ်းမိတော့
တယ်....
----
သစ်သီးများကို ငြီးငွေ့လာပြန်သော်-
အိမ်ပေါ်မှာဆိုယင် ဘုံဘိုင်ဖွင့်လိုက်ရုံနဲ့
ရေရတာ-တယ်ပြီး သက်သာပါလား
ဦးမုန်းသည် တောကြီးထဲတွင် မျက်စိလည်နေသဖြင့် သောက်ရေခပ်ရန် စမ်းချောင်းကို တပင်တပန်း ရှာနေရစဉ် သတိဖြစ်မိ၏။
ဆေးလေးတခွက် လောက်
သောက်ချင် စမ်းပါဘိတော့...
အင်း... ကော်ဖီကလေး - ပေါင်မုန့်ကလေးများ
ရယင် - သိပ်ကောင်းမှာဘဲ.....
မိုးဒဏ်လေဒဏ်မိ၍ အအေးမိကာ အဖျားဝင်လာသဖြင့် အောက်မေ့မိပြန်၏။


ချမ္မာဘဲ
အိမ်တလုံးရဲ့
တန်ဘိုးကို
သိရတော့
သကိုး
မိုးလေဒဏ်မှ ကာကွယ်ရန် သစ်ပင်ပေါ်တွင် အမိုးအကာ ကြံဖန်လုပ်ရတော့မှ....
အွတ်
အိုး
ဘား
ဘာလဲ ဒါ
အေးစက်စက်
ချောကျိကျိနဲ့
ညအက်၌အိပ်နေစဉ် လည်ပင်းတွင် တင်းကျပ်လာသဖြင့် စမ်းကြည့်ရာ....
ဟာ - မြွေထင်တယ်...
ဘုရား - ဘုရား ....
သူ့ခေါင်းကို ကိုင်မိပေလို့
မြွေငယ်လေးဆို့
တော်သေးတာပေါ့
ကဲဟါ - ကဲဟါ
အမယ်လေး.....
အားနဲနေရတဲ့ အထဲ...
ဟင်း....
အင်း - လူတွေက - မတရားလုပ်ယင် - ရဲတို့ - တရားသူကြီးတို့က - အရေးယူပေးတယ် .... ဒီတော့ တိရစ္ဆာန်ရိုင်းတွေကို - အရေးယူပေးမယ့်သူ
မရှိ
ပါကလား
နောက်နေ့တွင်ကား ဦးမှန်းသည် စား ဝတ် နေရေးနှင့် လုံခြုံရေးကို ဆောင်ရွက်ပေးကြသည့် လူတွေ၏ကျေးဇူးကို သိလာပြီး....
ငါ - မြို့ကို
ပြန်မှဘဲ - -
တောထဲ
မှာနေယင်
တနည်း
နည်းနဲ့
သေမှာ
ဘဲ
နောင်တတရား ရကာ မြို့သို့ ပြန်ရန် လမ်းရှာတော့၏။ ရွာမတွေ့ပဲ တနေရာတည်းသို့သာ ပြန်ရောက်နေ၍ မော့ကြည့်လိုက်ရာ....


နွားကောင် ကြီး
ငါ့ကိုသတ်စား တော့မှာဘဲ...
ဦးမုန်းသည် လန့်ပြီး ခြေဦးတည့်ရာပြေး၏။
ငါနဲ့ အတူ - လူတွေ သာရှိယင်
ဒီမြွေကြီးကို
ဒိုင်းသတ်ပေးကြမှာဘဲ
သို့ရသော် မူလနေရာသို့သာ အဖန်ဖန် ပြန် ရောက်နေသဖြင့် အကြောက်လွန်ပြီး စိတ် ဂယောင်ချောက်ချား ဖြစ်သွားလေတော့၏။
လူတွေကို ခေါ်မိတာ - မှားပါပြီ...
ကျေးဇူးရှင် လူတွေ..
ကယ်ကြပါအုံး
ထိုခဏ၌ တောဆင်အုပ်ကြီးပေါ်လာပြန်ရာ–
ကယ်ကြပါ
ကယ်ကြပါ
ကယ်ကြပါ
ကယ်ကြပါ
ဦးမုန်းမှာ ဘဝင်တုန်ပြီး သတိလစ်ကာ လဲကျ သွားလေတော့၏။
ဒိန်း
ဝုန်း
ဂျိန်း
ထိုင်း
ထုံး


ဆင်တွေ ပြေးကုန်ပြီ
သေနတ်သံ ဗိုင်းပေး နိုင်လို့သာ ပေါ့
အရေးထဲမှာ ဆင်အုပ်ရဲ့မှ တိုးမိတာကိုး
ဒို့တတွေသာ လူစုနည်းယင်.. ဆင်နင်းခံရမှာ
အေးကွ
ဦးမုန်းကို တောနင်းပြီး လိုက်ရှာနေကြသော လူအုပ်ကြီးမှာ မကြာမီရောက်လာကာ—
ကြည့်ကြစမ်း - ဟိုမှာလူတယောက် လဲကျနေတယ် - မဟုတ်လား
အေး - ဆင်နင်းလို့ ပြားနေရောပေါ့
သွားကြည့်ပါဦး
ဦးမုန်းများ ဖြစ်နေသလားမသိ
အသက်ရှိသေးယင်တော့ ဓာပ်တခု လုပ်ပြီး တင်ယူသွားရတာပေါ့
ဟုတ်တယ်
သတိလစ်နေသော ဦးမုန်းကိုတွေ့၍ မြို့သို့ ထမ်းခေါ်သွားရာ သတိလည်လာသောအခါ သူ၏ မျက်စိထဲ၌ ပိုးတိုးဝါးတားဖြင့် ....
ကျုပ် - လူတွေကို - မုန်းမိတာ - မှားပါပြီ
လူတွေဟာ - ကျုပ့် အသက်သခင် ကျေးဇူးရှင် တွေပါ
ဒါဖြင့် .. ဒီနေ့ကစပြီး ဦးမုန်းကို ဦးချစ်လို့ နာမည် ပြောင်းလိုက် မယ်.......
ဟုတ်ပါတယ် - ဟဲဟဲ --- ကျုပ် - တသက်လုံး လူတွေကို ချစ်ပါတော့မယ် ---------
ပြီး

# ထူးဆန်းသော သတ္တဝါများ


ရဲမြင့် | စံတိုး



ပိုးဖလံဘဝသို့ မရောက်သေးမီ ခူကောင် (ပေါက်ဖတ်) ဘဝ၌ရှိစဉ် တကောင်နောက် တကောင်လိုက်ကာ စီတန်း လမ်းလျှောက်လေ့ရှိသော ခူကောင်တမျိုးရှိသည်။ ယင်းတို့သည် ကြီးမားသော အသိုက်အအုံတခုကို ဆောက်လုပ်ပြီး အတူတကွ နေထိုင်ကြသည်။ အစာရှာရာတွင်လည်း အတူတကွ ရှာဖွေကြသည်။



တောင်အမေရိကတိုက်တွင် တွေ့ရသော ဖါးတမျိုး ဖြစ်သည်။ အသွင်သဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် လှပသော်လည်း အန္တရာယ်ပေးနိုင်၏။ ယင်းသည် ပြင်းထန်သော အဆိပ်တမျိုးကို ထုတ်လုပ်နိုင်သည်။ အင်းဒီးယန်းလူမျိုးများက ယင်း၏အဆိပ်ကို မြားဆိပ်အဖြစ် အသုံးပြုကြသဖြင့် မြားဆိပ်ဖါးဟု အမည်တွင်သည်။ ဖါးငယ်တကောင်၏ ကိုယ်မှပင် မြားအစင်း ၅၀ ခန့်အတွက် လုံလောက်သော အဆိပ်ရနိုင်သည်။ ဖါးကို မီးဖုတ်ခြင်းဖြင့် အဆိပ်ကို ထုတ်ယူရရှိသည်။




ဗြိတိန်နိုင်ငံတွင် တွေ့ရသော လိပ်ပြာတမျိုးဖြစ်သည်။ အတောင်နှစ်ဖက်ပေါ်တွင် တွေ့ရသော ပုံသဏ္ဌာန်များမှာ ၁၈ ရာစုခန့်က ဗြိတိန်နိုင်ငံ၌ ပေါ်ပေါက်ခဲ့ဘူးသော မာသာရှစ်တန် အမည်ရှိ စုန်းမ၏ ဦးခေါင်းကို ဘေးတိုက်မြင်ရပုံနှင့် ဆင်တူသောကြောင့် ယင်းကို မာသာရှစ်တန် လိပ်ပြာ ဟူ၍ ခေါ်ဝေါ်ကြသည်။




အပူပိုင်းနိုင်ငံများတွင် တွေ့ရတတ်သော ကြံပိုးခေါ် ပိုးတောင်မာတမျိုးဖြစ်သည်။ ဟာကျူလီပိုးမျိုးနှင့် ဆင်ဆင်တူသည်။ အသွင်အပြင်အားဖြင့် ကြောက်စရာကောင်းသည်ဟု ထင်ရသော်လည်း မည်သို့မျှအန္တရာယ် မပေးနိုင်ပေ။ အထီးများတွင်သာ ဦးချိုပါပြီး၊ ယင်းဦးချိုမှာလည်း မည်သို့မျှ အသုံးမကျပေ။



ပုရွက်ဆိတ်နှင့် ပိုးမွှားများကို စားပြီး အသက်ရှင် နေထိုင် သော သတ္တဝါတမျိုးမှာ ယင်းခွေချပ်ဖြစ်သည်။ ယင်း၏ ထူးခြားချက်မှာ အစာကို ဖမ်းယူစားသောက်စဉ် ကျောက်စရစ်ခဲကလေး များကိုပါ ရော၍ မျိုချခြင်းဖြစ်၏။ ယင်းတွင် ကိုက်ဖြတ် ဝါးချေရန် သွားများလုံးဝမရှိခြင်းကြောင့် ဝမ်းဗိုက်ထဲ၌ အစာကျေစေရန် ကျောက်စရစ်ခဲကလေးများကိုပါ မျိုချရခြင်းဖြစ်သည်။ ပုရွက် စားကောင်ကဲ့သို့ပင် ယင်း၏ စေးကပ်သော လျှာဖြင့် ပိုးမွှားများကို ဖမ်းယူစားသောက်သည်။



အာဖရိကတိုက်တွင် တွေ့ရသော ယင်တမျိုးဖြစ်သည်။ အာရှတိုက်နှင့် အမေရိကတိုက်တွင်လည်း တခါတရံတွေ့ရသည်။ ယင်း၏ ထူးခြားချက်မှာ ဦးခေါင်းဘေးတဖက်တချက်သို့ ကားထွက်သော အတံတခုစီပေါ်၌ မျက်လုံးတလုံးစီရှိနေခြင်းပင်ဖြစ်၏။ ရေကန်များအနီးတွင် နေထိုင်ပြီး အပင်နှင့် တိရစ္ဆာန် အသေကောင် အဆွေးအမြည့်များကို စားသောက်သည်။




ကိုယ်ထည်နှင့် နှိုင်းစာလျှင် ခြေထောက်များမှာ ကြီးမားလွန်းလှသည်။ ကြာဖက်နင်းငှက်ဟု ခေါ်သည်။ ကြာဖက်များပေါ်တွင် နင်း၍ လျှောက်သွားနိုင်ရန် သဘာဝက ဖန်တီးပေးထားပေသည်။ အတောင်တဖက်စီပေါ်၌လည်း ထူးခြားသော ဆူးတက်ချွန်တခုစီပါရှိ၏။ တကောင်နှင့်တကောင် တိုက်ခိုက်စဉ် ယင်းအတက်များကို အသုံးပြုဟန် တူသည်ဟု ယူဆရပေသည်။



ဇာတ်လမ်း- သရုပ်ဖော်-



ထိုအချိန်တွင်


ဟား-ဟား-တော်ပါသေးရဲ့။ လူဆိုးကြီးက
မီးနီနဲ့တိုးနေလို့၊ နောက်ကျကျန်ရစ်ခဲ့ပြီ။
အလို-ဟိုမှာ မိုလုံးပါးလား၊ ငါ့ကိုမြင်လို့လိုက်လာ
တာနဲ့တူတယ်။ ပေါ်ကိုကားကြီးဖြေးဖြေးမောင်းနေ
တုန်း၊ ဆင်းလိုက်မယ်၊ ဟိုလူဆိုးတွေတွေ့မှာ
မဟုတ်ဘူး။
အလို-ဆန်ကိုဒေါ်ဝင်းနားရောက်နေပါကလား။
မထူးတော့ပါဘူးလေ၊ ဆန်ကိုဒေါ်ဝင်းထိုင်ကောက်မြဲကို
ကြားလမ်းတွေ့ဖြတ်ပြီ၊ အိမ်ကိုပြန်တာကောင်း
ပါတယ်။ ဒီလမ်းတွေ ငါသွားနေကျကို။
အင်း-ခုမှဘဲစိတ်အေးရတော့တယ်။
လူဆိုးတွေ ကောက်မမိခင်၊ မြန်မြန်
ဆင်းပြီးလစ်မှဘဲ-ဟဲ-ဟဲ...
ဟေ့ကောင်လေး မပြေးနဲ့-
အမယ်မယ်
ငနဲ့ဗျာ-

ဆက်ရန်



အခရော့ပိုလစ် တောင်ပေါ်ရှိ ပါသီနန်ဘုရားကျောင်းကို ဂရိ ဉာဏ်တော်ရှင်ဘုရားမ "ပါသီနိုး"အား ရည်စူး၍ ဘီစီ ၅ ရာစု အလယ်လောက်က ဆောက်လုပ်ခဲ့သည်၊ မူလ အကျယ် အဝန်းမှာ အလျား ၂၂၈ ပေ၊ အနံ ၁၀၀ ပေနှင့် အမြင့်ပေ ၆၀ ဖြစ်သည်။ ကျောက်သားဖြင့် ဆောက်လုပ်ထားပြီး ရွှေနှင့်ကြေးနီကို အနားကွပ်တန်းဆာ ဆင်ထားသည်။ ပတ်လည်တွင် အမြင့် ၃၄ ပေရှိ ကျောက်တိုင်ပေါင်း ၄၆ တိုင်ရှိသည်။ အတွင်း၌လည်း အရှေ့ခြောက်တိုင် အနောက်ခြောက်တိုင် ရှိသေးသည်။ ယခုအခါ ထိုဘုရားကျောင်းကြီးမှာ များစွာ ပျက်စီးနေပြီဖြစ်သော်လည်း ရှေးဂရိလူမျိုးတို့၏ အကောင်းဆုံး အတိကျဆုံး ဗိသုကာလက်ရာအဖြစ် ဘက်သေထူလျက် ရှိပေသည်။


ပုံစံရေးဆွဲသူ ဗိသုကာများမှာ အစ်တိုင်းနပ်နှင့် ကယ်လစ်ကရားတီးတို့ ဖြစ်သည်။ ဆောက်လုပ်ရေးတာဝန်ခံမှာ ဖစ်ဒီးယပ်ဖြစ်၍ သူ၏ တပည့်ပေါင်း အမြောက်အမြားက ကူညီခဲ့သည်။ ဘီစီ ၄၄၇ တွင် စတင် ဆောက်လုပ်ရာ ဘီစီ ၄၃၂ (၁၅ နှစ်အကြာ)တွင် ပြီးစီးသည်။

ခေတ်အဆက်ဆက် အုပ်ချုပ်သူများ ပြောင်းလဲခဲ့ပြီး ၁၆၈၇ ခုနှစ်တွင် အုပ်ချုပ်သူ ဗီနီသျှန်လူမျိုးတို့က ပါသီနန်ကို ခဲယမ်းမီးကျောက်သိုလှောင်ရန် အသုံးပြုခဲ့ရာမှ အဆောက်အအုံမှာ မီးလောင်ပေါက်ကွဲ ပျက်စီးခဲ့ရ၏။ ထို့ကြောင့် ယခုအခါ ကျောက်တိုင်ကြီးများနှင့် ပန်းပုလက်ရာ အချို့လောက်သာ ကျန်တော့သည်။


မျိုးညွန့် (ရန်ကုန် တက္ကသိုလ်)


## ပါသီနန်ဘုရားကျောင်း

## နာရီလက်ဆောင်





ပုံများကို စက္ကူခပ်ထူထူတွင် ကပ်ပြီး အစက်ပြထားသည့် အတိုင်းဖြတ်ပါ။ လက်ပတ်ကြိုး အမှတ် (၁) ၏ ညာဘက်စွန်းကို အမှတ် (၂) ၏ အနက်ရောင် ခြယ်ထားသော နေရာတွင် ကပ်ပါ။ လက်ပတ်ကြိုးကို ညာဘက်ရှိ ပုံအတိုင်း တပ်ဆင်ပါ။ လှပသော နာရီလေး ရပါလိမ့်မည်။





# ဘကြီးအေးနှင့်အရုပ်ကလေး

မောင်ဝင်းလှ (ရေနံ)



ဘကြီးအေးသည် မောင်ဝင်းတို့ မြို့တွင် အလွန် နာမည်ကြီးသော ပန်းပုဆရာကြီးတဦးဖြစ်၏။ သူထုလုပ်သော အရုပ်များသည် လက်ရာ အလွန်ကောင်းသဖြင့် လူကြီးရော ကလေးပါ ကြိုက်ကြ၏။ ထိုအထဲတွင် မောင်ဝင်း၊ ကျော်အေး၊ တင်အေး၊ သောင်းညွန့်တို့ လူစုလည်း ပါဝင်လေသည်။

မောင်ဝင်းတို့သည်ကျောင်းအားချိန်တွင် ဘကြီးအေး၏ အိမ်သို့ အမြဲ ရောက်လေ့ရှိကြသည်။ တနေ့တွင် ဘကြီးအေးသည် အလွန်လှပသော ဆင်ရုပ်ကလေးတရုပ်ကို ထုလုပ်နေ၏။ ထိုအရုပ်ကလေးကို မောင်ဝင်းတို့လူစု မြင်လိုက်ရာ အလွန် လိုချင်ကြ၏။

"ဒီမယ်ဘကြီး၊ ဒီအရုပ်လေး ကျွန်တော်တို့ကို ပေးပါလား" ဟု မောင်ဝင်းက ဆိုလိုက်၏။

ဘကြီးအေးသည် သူ့အလုပ်ကို ခေတ္တမျှရပ်နားကာ –

"အေး–မင်းတို့ လိုချင်ယင်တော့ မင်းတို့အိမ်ကပစ္စည်းတခုခုနဲ့ လဲမယ်"ဟု ပြောလေ၏။

"ကောင်းပါပြီ" ဟု မောင်ဝင်းတို့က ပြိုင်တူဆိုကြကာ မိမိတို့အိမ်သို့ပြန်လာကြလေသည်။

မောင်ဝင်းသည် အိမ်သို့ပြန်ရောက်လျှင် ထိုအရုပ်ကလေးကိုသာ ရယူလိုသဖြင့် အမျိုးမျိုးတွေးနေမိ၏။ အိမ်မှ ပစ္စည်းကို မည်သို့ ယူရပါမည်နည်းဟု တယောက်တည်း စဉ်းစားနေ၏။ ထိုသို့စဉ်းစားနေစဉ်အိမ်နောက်ဖေးဘက်မှ –

"ဟဲ့သား–ထမင်း စားမယ်လေ"ဟု ခေါ်လိုက်သော အမေ့အသံကိုပင် မကြားမိပေ။ သူ့အမေက ဒုတိယ အကြိမ် ခေါ်ပြန်၏။ မောင်ဝင်းမှာ စဉ်းစားနေဆဲပင် –

"ဒီကောင်လေး ဘာဖြစ်နေတာတုန်း၊ ခေါ်တာမကြားဘူးလား"ဟုထပ်မံအော်ပြောလိုက်မှ မောင်ဝင်းလည်း စဉ်းစားခန်းကို ဖြတ်ကာ –

"လာပါပြီ မေမေ"ဟု ပြန်ထူးပြီး၊ နောက်ဖေးဖက်သို့ ဝင်လာ၏။ ထမင်း ကိုလည်း စားချင်စိတ် မရှိပါ။ မေမေ့ကိုကြောက်၍သာ သွားရလေသည်။

ထို့နောက် မောင်ဝင်းသည် တညနေလုံး ထိုအရုပ် အကြောင်းကိုသာ စဉ်းစားနေ၏။ ညဖက် ရောက်၍ အိပ်ရာဝင်ချိန်၌လည်း တွေးနေပြန်၏။ အိမ်မှ ပစ္စည်းကိုလည်း မယူဝံ့။ ထိုည တညလုံး မောင်ဝင်းမှာ အိပ်၍ မပျော်ပေ။

နောက်နေ့တွင် ကျော်အေးတို့ လူစုက သူတို့အိမ်မှ ပစ္စည်းများကို လူကြီးများမသိအောင် ယူလာပြီး ဘကြီးအေးထံ ပို့ကြသည်ဟု သိရ၏။ မောင်ဝင်းမှာ မူ ကြောက်ရွံ့နေဆဲပင် ဖြစ်သည်။

"ဟယ်–ဒီအရုပ် ငါနဲ့မတန်ယင်မယူတော့ပါဘူး"ဟုဆိုကာ ဘကြီးအေး၏အိမ်သို့ ထွက်လာ

လေသည်။ သူ့လက်ထဲတွင် ဘာပစ္စည်းမျှ မပါလာချေ။

ဘကြီးအေး၏ အိမ်ပေါ်တွင် အခြား သူငယ်ချင်းများ ပစ္စည်းကိုယ်စီဖြင့် ရောက်နှင့်နေကြသည်ကို အဝေးမှလှမ်း၍မြင်ရလေသည်။ ထိုနောက် မောင်ဝင်း ရောက်သွားသော အခါ ဘကြီးအေးက လှမ်း၍ –

"ဟေ့–မောင်ဝင်း၊လာလာ၊ မင်းကော ဘာယူလာခဲ့သေးသလဲ။ မင်းသူငယ်ချင်းတွေတော့ ငါမှာတဲ့အတိုင်း ပစ္စည်းတွေ ယူလာကြတယ်ကွဲ့။

"ဟင် – မင်း လက်ထဲမှာ ဘာမှမပါပါလား။ ဘာကြောင့် မယူလာတာလဲ။ မင်း ဒီအရုပ်လေးကို မလိုချင်ဘူးလား" ဟု မေးလိုက်ရာ –

"ဘကြီးရာ – ဘကြီး ပြောသလို ကျွန်တော် ယူလာ ရမှာ သိပ်ကြောက်တယ်။ တခါမှလဲ ဒီလိုမယူဘူးဘူး။ ဒီအရုပ် မရလဲ နေပါစေတော့" ဟုပြန်ဖြေလိုက်၏။

ဘကြီးအေးသည် မောင်ဝင်း၏ စကားကိုကြားလျှင် အလွန်နှစ်သက်မိသည်။ ထို့ကြောင့် မောင်ဝင်း၏ ရိုးသားမှုကို ချီးကျူးလို၍ ပစ္စည်းများ ယူလာဟုသော ကျော်အေးကို လှမ်းခေါ်၏ –

"ကဲ – ငါ့မြေးတို့၊ လာကြအုံး။ ဘကြီး တခုပြောပြမယ်။ မကောင်းမှု ဆိုတာကို ဘယ်တော့မှ မလုပ်ကြရဘူး။ မင်းတို့ ယူလာတဲ့ ဒီပစ္စည်းတွေဟာ အိမ်က လူကြီးတွေ မသိဘဲ ယူလာကြတာ မဟုတ်လား။ ခိုးတယ်ဆိုတာကို ငါမကြိုက်ဘူး။ ဒါကြောင့် ဒီပစ္စည်းတွေကို မင်းတို့အိမ်မှာ ပြန်ထားလိုက်ကြ" ဟု ဆိုကာ ဆုံးမလိုက်လေ၏။

ဘကြီးအေးသည် ကွမ်းအစ်ကို လှမ်းယူရင်း ဆက်၍ –

"မောင်ဝင်းကို ကြည့်၊ သူဟာ ရိုးသားတယ်။ အိမ်က ပစ္စည်းကို မယူလာဘူး။ ကောင်းတဲ့အကျင့် သူ့မှာရှိတယ်။ ဒါကြောင့် ဘကြီးက သူ့ကိုဘဲ ဒီအရုပ်လေးကို ပေးလိုက်မယ်။ ဘကြီး မင်းတို့အတွက် နောက်တခါ ဒီထက်လှတဲ့ အရုပ်တွေ အများကြီး ထုပေးမယ်နော်။ မင်းတို့လေးတွေ ရိုးသားကြပါကွယ်။

"ကဲကဲ–မင်းတို့ အိမ်တွေက မျှော်လှတော့မယ်၊ ပြန်ကြ ပြန်ကြ" ဟု ဆိုပြီး မောင်ဝင်းအား အရုပ်လေးကို လှမ်းပေးလိုက်လေ၏။

မောင်ဝင်းလည်း အရုပ်ကို လှမ်းယူပြီး –

"ကျေးဇူး တင်ပါတယ် ဘကြီးရာ၊ ဘကြီးကို ဘယ်တော့မှ မမေ့ပါဘူး" ဟု ဆိုလေ၏။

ဤသို့ဖြင့် မောင်ဝင်းသည် ရိုးသားသော ဂုဏ်ကြောင့် သူလိုချင်လှသော ဆင်ရုပ်လေးကို ရရှိလိုက်လေသည်။

## မေ့သားပန်းချီဆရာ

ခဲတံရောင်စုံ အသင့်ထားလို့၊
ပန်းချီကားများ ဆွဲချင်တယ်။
စာရွက်ပေါ်ဝယ်
အာရုံစိုက်ပေါ့
ဘာပုံကြိုက်သလဲ
သားမှ ကြိုက်ခြယ်၊
အစိမ်းအပြာ ခြယ်ကာ လှနေလို့
လယ်ယာတောပုံ ဆွဲချင်တယ်၊
နက်ညိုအရောင် ဘက်စုံပြီးတဲ့၊
စက်ရုံကြီးလဲ ဆွဲချင်တယ်။
တိုက်တာအိမ်ခြေ
တည်ကာသုံးဝေ ရော့
ပြည်ရွာအားလုံး ရောင်စုံခြယ်၊
ခဲတံအဝါ ရွှေရည်ထားလို့၊
စေတီဘုရားလဲ ဆွဲချင်တယ်။
မေ့သား ကြီးလာ
ပန်းချီဆရာဖြစ်တော့၊
ပြည်ရွာသစ်ကို လှအောင်ခြယ်။
ဆွဲမယ် – ဆွဲမယ်။ ။

တေးသားကြီး မြသိန်းအောင်




# မဉ္ဇူပန်း

ညနေ လေးနာရီခန့်တွင် ပွင့်သဖြင့် မဉ္ဇူပန်းကို လေးနာရီပန်းဟုလည်းခေါ်သည်။ အပွင့်သည် ကြာကြာမခံ၊ နောက်တနေ့နံနက်တွင် ငုံသွားသည်။ အနံ့သင်း၍ နူးညံ့သော မဉ္ဇူပန်းပွင့်၏သဏ္ဍာန်မှာ အော်လံပုံနှင့်တူသည်။ အော်လံ၏ထိပ်ဝတွင် အဟိုက်ငါးခုရှိ၍ အော်လံ၏ အဝမှ ဝတ်ဆံများ ပြူထွက်နေကြသည်။ အပွင့်များ၏ အရောင်မှာ အနီ၊ အဝါ၊ အဖြူ၊ ခရမ်းနှင့် အရောင်စပ်၊ အရောင်ကျားများလည်း ရှိသည်။ တပွင့်ချင်းဖြင့် တပင်လုံးဝေဝေဆာဆာ ဖူးပွင့်လေသည်။ အပွင့်၏ အရွယ်မှာ လက်မဝက်သာသာမျှရှိ၍ တနှစ်လုံးလိုလို အပွင့်မပြတ်လှချေ။





မဉ္ဇူပင်သည် နှစ်ပေ သုံးပေခန့်သာ မြင့်သော အပင်ပျော့ အပင်ငယ်မျိုး ဖြစ်သည်။ အမြစ်များ၌ ဥရှိသည်။ အပင်တပင် ဖြစ်ထွန်းမိလျှင် နောင်အခါ မျိုးပြုတ်အောင်ဖျက်ဆီးရန်မလွယ်လှချေ။ ဥကြွင်း ဥကျန်များမှ အပင်သစ်များ ပြန်၍ပြန်၍ ပေါက်နိုင်သည်။ အစေ့မျိုး၍လည်း စိုက်နိုင်သည်။ အစေ့သည် ငရုတ်ကောင်းစေ့နှင့် အလွန်တူသည်။ မဉ္ဇူရွက်တို့သည် ခပ်ပါးပါး ပျော့ပျော့ ဖြစ်သည်။ ညောင်ရွက်ပုံနှင့် ဆင်ဆင် တူသော်လည်း ထိပ်မချွန်လွန်းလှချေ။





မဉ္ဇူရွက်နှင့် ဥတို့သည် ဆေးဖက်ဝင်သည်ဟု ဆိုကြလေသည်။ သို့သော် ဥကို များများစားမိလျှင် အဆိပ်ဖြစ်တတ်သဖြင့် သတိထား သုံးရသည်။

ရိုးရိုးယဉ်ယဉ်နှင့် လှပသော မဉ္ဇူပန်း၏ နိုင်ငံခြားအမည်မှာ ပီရူးဂုဏ်ရောင်ဟူ၍ ဖြစ်သည်။ ပီရူးသည် တောင်အမေရိကတိုက်မှ နိုင်ငံတခုဖြစ်လေသည်။

တင့်တင့်

## ခိုင်ပန်းစုံ

R. 517

၂၅ ပြား

ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ဒုဗြဲလမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။